(၁) မှဲ့ပြောက်စွန်းရောဂါ (Anthracnose)

ရောဂါဖြစ်စေသောသက်ရှိ - *Colletotrichum corchorum , Colletotrichum gloeosporioides*

(Penz),

**ရောဂါလက္ခဏာများ**

ပင်စည်ပေါ်တွင်အညိုဖျော့ရောင်အပြောက်ကလေးများစတင်ဖြစ်ပေါ်သည်။ ရောဂါကွက်ပြောက် လေးများသည် ကြီးလာပြီးတစ်ခုနှင့်တစ်ခုပေါင်းစပ်သွားကာ ညိုမဲရောင်ကွက် ပြောက်ကြီးများ ဖြစ်လာသည်။ ကွက်ပြောက်အလယ်တစ်ရှူးသားမှာချိုင့်ဝင်သွားပြီး အမဲစက်ကလေးများ ပြန့်ကျဲစွာရှိနေတတ်သည်။ ရောဂါရနေရာအပိုင်းမှ အက်ကွဲပြီးကျိုးကျ သွားသည်။





ကာကွယ်နှိမ်နင်းနည်းများ

- ခံနိုင်ရည်ရှိသောမျိုးကိုစိုက်ပျိုးပါ။

- ရောဂါကင်းသောစိုက်ခင်းမှ မျိုးကိုအသုံးပြုပါ။
- ရောဂါရပင်ကြွင်းပင်ကျန်များကို ဖျက်ဆီးမီးရှို့ပါ။
- အခြားသီးနှံများနှင့်သီးလှည့်စိုက်ပါ။
- အောက်ပါမှိုသတ်ဆေးများကို ပက်ဖျန်းအသုံးပြုပါ။
- Azoxystrobin (အဇိုဆီစထရိုဘင်)၊ Mancozeb (မန်ကိုဇက်), Thiophanate methyl (သိုင်အိုဖါနိတ်မီသိုင်း)၊ Difenoconazole (ဒီဖီနိုကိုနာဇိုး)